Embassy of the Republic of the Union of Myanmar
Via Cortina D Ampezzo No. 50 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

## ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အသိပေးကြေညာချက်

## ကြေညာချက်အမှတ် ၊ ၇ /၂၀၂၀

၁။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မိမိဆန္ဒအလျောက် ကြိုတင်ဆန္ဒမဲပေးလိုသည့် အီတလီ၊ ပေါ်တူဂီ၊ ရိုမေးနီးယားနှင့် ဂရိနိုင်ငံတို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများက မြန်မာသံရုံး၊ ရောမမြို့သို့ ၁၆-၇-၂၀၂၀ ရက်မှ ၅-၈-၂၀၂၀ ရက်အထိ ပေးပို့လျှောက်ထားလာသည့် **သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ (ပုံစံ-၁၅)** စာရင်းချုပ်ကို ၇-၈-၂၀၂၀ ရက်နေ့တွင် ကြေညာချက် အမှတ် (၆/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အများပြည်သူများကြည့်ရှုနိုင်ရန် မဲဆန္ဒရှင် စာရင်းများကို သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ၂၅-၇-၂၀၂၀ ရက်မှ ၁၄-၈-၂၀၂၀ ရက်အထိ (၂၁) ရက် ကပ်ထားကြေညာလျက်ရှိရာ မြန်မာသံရုံး၊ ရောမမြို့သို့ ပုံစံ (၁၅) ပေးပို့ထားသူများအနေဖြင့် မဲစာရင်းတွင် မိမိအမည် ပါ/မပါကို မိမိ၏ မိသားစုဝင် တစ်ဦးဦး (သို့မဟုတ်) မိမိနေထိုင်သည့် ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ အသိ မိတ်ဆွေတစ်ဦးဦးအား ကြည့်ရှုစေရန်၊ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် မပါပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင် မိမိအမည်အား ထည့်သွင်းပေးရန် **တောင်းဆိုလွှာ ပုံစံ (၃)** ဖြင့် တောင်းဆိုရန်လိုအပ်ပါကြောင်းဖော်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာသံရုံး၊ ရောမမြို့သို့ ပုံစံ (၁၅) ပေးပို့ထားသော မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကြေညာထားသော မဲဆန္ဒရှင်စာရင်းများတွင် မိမိ တို့၏ အမည်စာရင်းပါဝင်ခြင်း ရှိ-မရှိ စစ်ဆေးကြည့်ရှုကြပါရန်နှင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ခြင်း မရှိ၍ မိမိအမည်စာရင်းထည့်သွင်းပေးရန် လျှောက်ထားလိုပါက ပူးတွဲပါ **တောင်းဆိုလွှာ ပုံစံ (၃)** တွင် ကိုယ်ရေးအချက်အလက်များပြည့်စုံစွာဖြည့်စွက်ကာ မြန်မာသံရုံး၊ ရောမမြို့သို့ **၁၄-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** ပေးပို့လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍သိရှိလိုသည့် အချက်အလက်များ ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website www.uec.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်းဖော်ပြအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
ROME

မြန်မာသံရုံး၊ရောမမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၉ ရက်